# Burmese Democratic Futures Working Group – BDFWG

## University of Virginia

## Weekly Summary (September 01 - 07, 2024)

## တပတ်အတွင်းအနှစ်ချုပ်၏ အသေးစိတ်အချက်အလက်များ

### မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၃ ခုတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် ကျေးရွာ ၈ ရွာ မီးရှို့ခံခဲ့ရပြီး၊ နေအိမ် ၁၂ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများကို စစ်ကောင်စီတပ်ဖွဲ့က စက်တင်ဘာ ၂ ရက်မှ စတင်၍ နေ့စဉ် ရက်ဆက် မီးရှို့ဖျက်ဆီးနေရာ စက်တင်ဘာ ၅ ရက်အထိ ကျေးရွာပေါင်း ၈ ရွာ မီးရှို့ဖျက်ဆီးခံထားရသည်။

- စက်တင်ဘာ ၂ ရက်တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်၊ လွယ်လုံရွာကို စစ်တပ်နှင့် စစ်တပ်လက်အောက်ခံ PNO ပြည်သူ့စစ်အဖွဲ့က ဝင်ရောက် စီးနင်းပြီး ပြည်သူပိုင် နေအိမ် ၁၀ လုံး ကျော်ကို အကြောင်းမဲ့ မီးရှို့ ဖျက်ဆီးခဲ့သည်။

- တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ပြင်ကြီးကျေးရွာမှာ စစ်ကောင်စီတပ်သားတွေက စစ်ကြောင်းထိုး ဝင်ရောက်လာပြီး စက်တင်ဘာ ၂ ရက်မှာ နေအိမ် ၂ လုံးကို မီးရှို့ဖျက်ဆီးသွားခဲ့ပါသည်။

**ဖမ်းဆီးခံရမှုများ**

- ဧရာဝတီတိုင်း၊ မအူပင်မြို့အမှတ်၊ ၁၂ ရပ်ကွက်က အုပ်ချုပ်ရေးမှူး အရိုက်ခံရတဲ့ကိစ္စနဲ့ ပတ်သက်လို့ ဒေသခံလူငယ် အယောက် ၂၀ လောက်ကို စက်တင်ဘာ ၁ ရက်နဲ့ ၂ ရက်တွေမှာ စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့ပါသည်။

- မကွေးတိုင်း၊ မကွေးမြို့ပေါ်မှာ စက်တင်ဘာလ ၃ ရက်ကနေ ၅ ရက်အထိ သုံးရက်အတွင်း ဒေသခံ ၃၄ ဦးကို စစ်တပ်မှ ပေါ်တာဆွဲ ဖမ်းဆီးခဲ့ပါသည်။

- စက်တင်ဘာ ၂ ရက်တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ် သမြုချောင်ကျေးရွာ ဈေးအနီးမှာ အရက်ထိုင်သောက်နေတဲ့ လူငယ်လေးဦးကို စစ်ကောင်စီတပ် ပစ်ခတ်ဖမ်းဆီးသွားခဲ့သည်။

- စက်တင်ဘာ ၁ ရက်တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လေပွေ့ရပ်ကွက်က ငါးဖမ်းသမား ၃ ဦးကို စစ်ကောင်စီတပ်က ဖမ်းဆီးသွားခဲ့ပါသည်။

- တနင်္သာရီမြို့နယ်၊ ကော့မပြင်းကျေးရွာမှ လှေလုပ်သားလူငယ်ကိုးဦးသည် လှေသုံးစင်းဖြင့် စစ်ကောင်စီတပ်သားများ ရောက်ရှိနေသော လှေဆိပ်ရှေ့သို့ ဖြတ်မောင်းစဉ် ၎င်းတို့က တားဆီး၍ ကမ်းကပ်ခိုင်းကာ ခမရ - ၅၅၇တပ်ရင်းသို့ ဩဂုတ် ၃၁ ရက်တွင် ဖမ်းဆီးခေါ်ဆောင်သွားသည်။

**သတ်ဖြတ်ခံရမှုများ**

- စက်တင်ဘာ ၄ ရက်တွင် ချင်းပြည်နယ်၊ ကန်ပက်လက်မြို့အဝင် စစ်တပ်ဂိတ်၌ ဆောမြို့နယ်၊ ကျင်းလိန်ရွာသား အသက် ၃၁ နှစ်အရွယ် ဆိုင်ကယ်ကယ်ရီသမား ဦးဇော်ဝင်းထိုက်ကို စစ်သားများက ပစ်သတ်ခဲ့သည်။

- မကွေးတိုင်း၊ ထီးလင်းမြို့နယ်တွင် စစ်ကောင်စီစစ်ကြောင်း၏ ဖမ်းဆီးခြင်းခံခဲ့ရသော ပြည်သူ့ကာကွယ်ရေးရဲဘော် ၃ ဦးကို စက်တင်ဘာ ၃ ရက်တွင် စစ်ကောင်စီက သတ်ဖြတ်ခဲ့သည်။

- စက်တင်ဘာ ၁ ရက်တွင် စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့မှတဆင့် ဧရာဝတီမြစ်ကြောင်းအတိုင်း လေကြောင်းလုံခြုံရေးယူ ဆန်တက်နေသည့် စစ်ကောင်စီ တပ်ရေယာဉ် ငါးစင်းက မြစ်ကမ်းဘေး တလျှောက် ရမ်းသမ်းပစ်ခတ်ရာ ကသာမြို့နယ် မှ အရပ်သားသုံးဦး သေဆုံးခဲ့သည်။

- တနင်္သာရီတိုင်း၊ လောင်းလုံးမြို့နယ်မှာ စစ်ကောင်စီတပ်က ရွာတွေကို စစ်ကြောင်းထိုးဝင်ရောက်ခဲ့ပြီး စက်တင်ဘာ ၂ ရက်တွင် ဒေသခံ အမျိုးသားနှစ်ဦးကို သတ်ဖြတ်ခဲ့ပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

- စက်တင်ဘာ ၅ ရက်တွင် ကရင်နီပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ နန့်မယ်ခုံကို စစ်ကောင်စီက လေယာဉ်ဖြင့် ဗုံးကျဲချခဲ့ရာ လူ ၂ ဦးထက်မနည်း သေဆုံးခဲ့သည်။

- စက်တင်ဘာ ၆ ရက်တွင် မကွေးတိုင်း၊ မြိုင်မြို့နယ်၊ လက်ယက်မရွာကို စစ်ကောင်စီကလေကြောင်းနဲ့ တိုက်ခိုက်လို့ ၅ နှစ်အရွယ် ကလေးတစ်ဦး အပါအဝင် ၆ ဦးသေဆုံးခဲ့သည်။

- ဩဂုတ် ၃၁ ရက်တွင် မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်၊ ဇရပ်ကွင်းရွာကို အများပြည်သူများ အိပ်စက်နေချိန် စစ်တပ်က လေကြောင်းဖြင့် ဗုံးကျဲ တိုက်ခိုက်ခြင်းကြောင့် ပြည်သူ ၃ ဦးသေဆုံးခဲ့သည်။
- စက်တင်ဘာ ၁ ရက်တွင် မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ်၊ မြင်းခြံကုန်းရွာကို စစ်တပ်က လေကြောင်းဖြင့် အကြောင်းမဲ့ ဗုံးကျဲ တိုက်ခိုက်မှု မိသားစုဝင် ၄ ဦး သေဆုံးပြီး ၂ ဦး ပြင်းထန်ဒဏ်ရာ ရရှိခဲ့သည်။

- မန္တလေးတိုင်း၊ မတ္တရာမြို့နယ်အနောက်ခြမ်းက တိုက်ပွဲဖြစ်ပွားခြင်းမရှိတဲ့ ကျေးရွာတွေကို စက်တင်ဘာ ၃ ရက်မှာ စစ်တပ်က လေကြောင်းကနေ တိုက်လေယာဉ်နဲ့ ဗုံးကြဲတိုက်ခိုက်ခဲ့တာကြောင့် ဒေသခံ ခြောက်ဦးထိခိုက်ဒဏ်ရာ ရရှိခဲ့ပါသည်။

- စက်တင်ဘာ ၅ ရက်တွင် မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်အတွင်းရှိ ရွာနှစ်ရွာကို စစ်တပ်က အကြောင်းမဲ့ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ လူငယ်တစ်ဦး သေဆုံးခဲ့သည်။

- စက်တင်ဘာ ၁ ရက်တွင် စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့၊ တကောင်းနီကယ်စက်ရုံအနီးရှိ မောင်းကုန်းကျေးရွာကို စစ်ကောင်စီက လေကြောင်းမှ ပေါင် ၅၀၀ ဗုံးကြဲတိုက်ခိုက်ရာ ကိုယ်ဝန်ဆောင် အမျိုးသမီး တစ်ဦးအပါအဝင် ပြည်သူ ၉ ဦး သေဆုံးခဲ့သည်။

- ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ခရိုင်ကျေးရွာဘုန်းတော်ကြီးကျောင်းကို စစ်ကောင်စီက ဂျက်ဖိုက်တာနှစ်စီးနဲ့ ဩဂုတ် ၃၁ ရက်မှာ ဗုံးကြဲခဲ့တဲ့အတွက် အသက် ၁၅ နှစ်အရွယ် လူငယ်တစ်ဦး ပွဲချင်းပြီးသေဆုံးကာ ရွာသား ၄ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်။

- စက်တင်ဘာ ၂ ရက်တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ လေးမြို့စားရပ်ကွက်ရှိ ထွေအုပ်ရုံးဟောင်းကို စစ်ကောင်စီက ဂျက်တိုက် လေယာဉ်တစ်စီးနဲ့ လာရောက်ပစ်ခတ်ခဲ့ပါသည်။

- ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ရိုးမလမ်းပေါ်မှာ အာရက္ခတပ်တော်( AA) နဲ့ စစ်ကောင်စီတို့ စက်တင်ဘာ ၃ ရက်က နှစ်ဖက်တိုက်ပွဲ ပြင်းပြင်းထန်ထန် ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီမှ လေကြောင်းဖြင့် ၂ ကြိမ် တိုက်ခိုက်ခဲ့သည်။

- စက်တင်ဘာ ၄ ရက်တွင် ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ ဆားချက်၊ ကိုင်းခုံနဲ့ ဂန့်ဂေါ်တောင်ဆည်ကျေးရွာ အနီးမှာ စစ်ကောင်စီနဲ့ အာရက္ခတပ်တော်တို့ တိုက်ပွဲတွေ ပြင်းထန်စွာ ဖြစ်ပွားနေပြီး စစ်ကောင်စီက လေကြောင်းကနေ တိုက်ခိုက်ခဲ့ပါသည်။

- စက်တင်ဘာ ၄ ရက်တွင် စစ်ကိုင်းတိုင်း၊ ကောလင်းခရိုင်၊ ပင်လည်ဘူးမြို့ကို တော်လှန်ရေးတပ်ဖွဲ့များက ဝိုင်းပတ်ပိတ်ဆို့ထားပြီး စစ်ကောင်စီနှင့်နှစ်ဖက် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားလျက်ရှိပြီး စစ်ကောင်စီက ပင်လည်ဘူးမြို့အတွင်းကို ဂျက်ဖိုက်တာ လေးစီး၊ Y-12 တစ်စီးတို့ဖြင့် လေကြောင်းမှ တိုက်ခိုက်ခဲ့ပြီး Y-12 လေယာဉ်ဖြင့် ဗုံးသီး အလုံး ၇၀ ကျော် ကြဲချတိုက်ခိုက်ခဲ့သည်။

- စက်တင်ဘာ ၇ ရက်တွင် စစ်ကိုင်းတိုင်း၊ ပင်လည်ဘူးမြို့ပေါ်ရှိ နောက်ဆုံးကျန်နေတဲ့ စစ်ကောင်စီတပ် အထိုင်ချနေရာကို တော်လှန်ရေးပူးပေါင်းတပ်တွေက ထိုးစစ်ဆင်တိုက်ခိုက်ရာတွင် စစ်ကောင်စီတပ်မှ လေကြောင်းသုံး တိုက်ခိုက်ခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ မန်တုံမြို့တွင် တိုက်ပွဲဖြစ်ပွားမှုမရှိဘဲ စက်တင်ဘာ ၃ ရက်က တိုက်လေယာဉ်ဖြင့် ဗုံး ၂ လုံး ကြဲချခဲ့ရာ အောင်ချမ်းသာရပ်ကွက်နှင့် မြို့မတံတားအနီးရှိ လက်ဖက်အချိုခြောက်

စက်ရုံနှင့် ခလရ (၁၃၀) တပ်စခန်း ကုန်းအတက်၌ ကျရောက်ပေါက်ကွဲခဲ့ပြီး လက်ဖက်စက်ရုံမှ အမျိုးသားတစ်ဦး ဒဏ်ရာရခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်ထဲက ရွှေမုဋ္ဌောရွာကို စစ်ကောင်စီက စက်တင်ဘာ ၅ ရက်က လေကြောင်းကနေ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အသက် ၁၃ နှစ်အရွယ် မိန်းကလေးတစ်ဦး သေဆုံးခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမြို့တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီက စက်တင်ဘာ ၆ ရက်တွင် လေယာဉ်ဖြင့် ဗုံးကြဲမှုကြောင့် ကလေးငယ် ၂ ယောက်နှင့် ကိုယ်ဝန်ဆောင်အပါအဝင် ပြည်သူ ၁၁ ဦးသေဆုံး ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်။

- စက်တင်ဘာ ၃ ရက်တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်၊ ကျောက်ဂူတိုက်နယ် ဝါးပြား ကျေးရွာအတွင်း တိုက်ပွဲဖြစ်ပွားခြင်းမရှိပဲ စစ်ကောင်စီမှ လေကြောင်းဖြင့် လေးကြိမ်တိုက်ခိုက်ခဲ့သောကြောင့် အမျိုးသမီး တစ်ဦးထိခိုက် ဒဏ်ရာရကာ သာသနာ့အဆောက်အဦးနှင့် အဆောက်အဦးအချို့ ပျက်စီးခဲ့သည်။

- စက်တင်ဘာ ၅ ရက်တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့အနောက်ဘက်ရှိ လအိ ကျေးရွာရှိ ဘန်ကောက် စစ်ရှောင်စခန်းကို စစ်ကောင်စီက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ကလေးငယ် ၇ ဦးအပါအဝင် ၉ ဦး သေဆုံးခဲ့သည်။

## လက်နက်ကြီးဖြင့် တိုက်ခိုက်မှုများ

- ဩဂုတ် ၃၁ ရက်တွင် မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်ရှိ ကျေးရွာများကို စစ်တပ်က လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ပြည်သူ ၃ ဦးသေဆုံးခဲ့သည်။

- စက်တင်ဘာ ၃ ရက်က တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်၊ လယ်တောင်ကျေးရွာအတွင်းသို့ စစ်ကောင်စီတပ်က တိုက်ပွဲဖြစ်ပွားခြင်းမရှိပဲ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။

## စက်တင်ဘာလ ပထမအပတ်အတွင်း အခြားထိတွေ့တိုက်ပွဲ

- ဩဂုတ် ၃၁ ရက်က ပဲခူးတိုင်း၊ ရွှေကျင်မြို့နယ်၊ ကုန်းမြင့်သာယာကျေးရွာရှိ အကြမ်းဖက်စစ်ကောင်စီ၏ ရှေ့တန်းစခန်းကို တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များမှ တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ အရာရှိတစ်ဦး အပါအဝင် ၅ ဦးသေဆုံးခဲ့ပြီး လက်နက်ခဲယမ်း အမြောက်အများ သိမ်းဆည်းရရှိခဲ့သည်။

- စက်တင်ဘာ ၄ ရက်က ပဲခူးတိုင်း၊ ပဲခူးမြို့နယ်၊ ကိုဒူးကွဲရေလှောင်တမံတွင် စစ်တပ်နှင့် ပဲခူးခရိုင် ၃၇၀၁ တပ်ရင်း တပ်ခွဲ ၃ တို့ တိုက်ပွဲဖြစ်ပွားပြီး စစ်တပ်ဘက်မှ ၂ ဦး သေဆုံးခဲ့သည်။

- စက်တင်ဘာ ၄ ရက်တွင် ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ ရေဖြူကန်ကျေးရွာအတွင်း တပ်စွဲထားသော စစ်သားများကို တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များက သွားရောက်တိုက်ခိုက်ခဲ့ရာ စစ်သား ၁ ဦး သေဆုံးပြီး ၅ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ သည်။

- စက်တင်ဘာ ၄ ရက်မှ စက်တင်ဘာလ ၆ ရက်ထိ ကချင်ပြည်နယ်၊ ဖားကန့်ဗျူဟာကုန်းမှ ဖားကန့်မြို့ အရှေ့ဘက်ခြမ်း ကျန်ဂပ်ဘက်သို့ စစ်ကြောင်းထိုးလာသည့် အင်အား ၁၀၀ ကျော်ပါသည့် စစ်ကောင်စီတပ်စစ်ကြောင်းကို KIA၊ KPDF ပူးပေါင်းတပ်ဖွဲ့က ပိတ်ဆို့တိုက်ခိုက်ရာ တိုက်ပွဲပြင်းထန်နေသည်။

- စက်တင်ဘာ ၆ ရက်တွင် ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ ပန်ဝါဒေသ လဝွေကျေးရွာအနီးရှိ စစ်တပ်လက်အောက်ခံ ပြည်သူ့ စစ်စခန်း ၁ ခုကို KIA က အပြီးသတ် တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့သည်။
- စက်တင်ဘာ ၃ ရက်တွင် ကရင်ပြည်နယ်၊ မြဝတီမြို့တောင်ဘက် လေးကေ့ကော်မြို့အနီးရှိ စစ်ကောင်စီ၏ စွယ်တော်ကုန်း (အမြောက်တပ်ကုန်း) အား ကော်ဘရာစစ်ကြောင်း ပူးပေါင်းတပ်များက ဝန်းရံပိတ်ဆို့တိုက်ခိုက်နေရာ တိုက်ပွဲ ပြင်းထန်ခဲ့သည်။

- စက်တင်ဘာ ၂ ရက်တွင် မကွေးတိုင်း၊ ထီးလင်းမြို့နယ်၊ ပါးမျဉ်းရွာ မြောက်ဘက်နေရာ၌ တော်လှန်ရေးတပ်ဖွဲ့များက ကြားဖြတ်တိုက်ခိုက်ရာ စစ်သား ၁ ဦးသေဆုံးခဲ့သည်။

- မကွေးတိုင်း၊ ပခုက္ကူမြို့နယ် လေယာဉ်ကွင်းအနောက်ဘက်က မြောက်လူးကန်ကျေးရွာမှာ အထိုင်ချတပ်စွဲနေတဲ့ စစ်တပ်နဲ့ တော်လှန်ရေးပူးပေါင်းအဖွဲ့တို့ စက်တင်ဘာ ၅ ရက်မှာ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ရန်သူတပ်သား ၁၇ ဦး သေဆုံးခဲ့ပါသည်။

- စက်တင်ဘာ ၇ ရက်တွင် မကွေးတိုင်း၊ မြိုင်မြို့ အရှေ့ဘက် မြိုင် -ပခုက္ကူလမ်းပိုင်းပေါ်ရှိ စစ်တပ်ဂိတ်နှင့် နှစ်ထပ်တိုက်တို့ကို တော်လှန်ရေးတပ်ဖွဲ့များမှ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ယင်းဂိတ်အနီးရှိ နှစ်ထပ်တိုက်ဘန်ကာကို ဝင်ရောက် သိမ်း ပိုက်နိုင်ခဲ့သည်။

- မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ်မှာ ဩဂုတ် ၃၁ ရက်က ကျောက်ပန်းတောင်း မြို့မရဲစခန်းက ရဲတပ်ဖွဲ့ဝင်တွေ လိုက်ပါလာတဲ့ကားကို ကာကွယ်ရေးတပ်ဖွဲ့ဝင်တွေက ပစ်ခတ်တိုက်ခိုက်တာကြောင့် ဒုရဲမှူးတစ်ဦး အပါအဝင် ရဲတပ်ဖွဲ့ဝင် သုံးဦး သေဆုံးခဲ့သည်။

- စက်တင်ဘာ ၃ ရက်တွင် မန္တလေးမြို့၊ နန်းတွင်းရှိအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်းသို့ Brave Warriors for Myanmar (BWM) မှ ရှေ့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဒုစစ်ခေါင်းဆောင်ချုပ်စိုးဝင်း၏ ကိုယ်ရေးအရာရှိ ဗိုလ်မှူးကြီး ၁ ဦး အပါ အဝင် ၇ ဦးသေဆုံးခဲ့သည်။

- စက်တင်ဘာ ၄ ရက်က မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ လယ်သစ်ကျေးရွာအနီးတွင် လမ်းပေါ်တက်ဆက်ကြေးကောက်နေသည့် စစ်သားများကို တော်လှန်ရေးပူးပေါင်းအဖွဲ့များမှ ကားဖြင့် ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်သား ၃ ဦး သေဆုံးပြီး သေနတ် ၃ လက် သိမ်းဆည်းရရှိခဲ့သည်။

- ဩဂုတ် ၂၉ ရက်က စစ်တွေမြို့နယ်၊ မင်းလှ(ခေါ်) မီးလောင်ရွာ ကျေးရွာဘက်ကို စစ်ကြောင်းထိုးလာတဲ့ စစ်ကောင်စီ စစ်ကြောင်းကို အာရက္ခတပ်တော် (AA)က ကြားဖြတ်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား အလောင်း ၃၀ ကျော်နဲ့ လက်နက် ၅၀ ကျော် သိမ်းဆည်းရရှိခဲ့ပါသည်။
- ဩဂုတ် ၇ ရက်မှ စတင်ပြီး သံတွဲမြို့နယ်အတွင်းမှ စစ်ကောင်စီ၏ လက်ကျန်စခန်းကြီးတစ်ခုဖြစ်သောရေတပ် ပင်မရေငုပ်နှင့်ဆယ်ယူရေးတပ်စခန်း၊ ၎င်းပတ်ဝန်းကျင်မှ အဆင့်ဆင့်ခုခံကြသော စစ်တပ်စစ်ကြောင်းများကို ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ပြီး စက်တင်ဘာ ၅ ရက်တွင် အပြီးသတ်သိမ်းပိုက်ရယူနိုင်ခဲ့သည်။

- စက်တင်ဘာ ၂ ရက်တွင် စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့ အထက်ပိုင်းတွင် စစ်တပ်၏ သံခွန် သင်္ဘော ၁ စီးကို KIA က ပစ်ခတ် နှစ်မြုပ်လိုက်ပြီး စစ်ကောင်စီ တပ်သားများ သေဆုံးမှုများရှိခဲ့သည်။

- စက်တင်ဘာ ၄ ရက်တွင် စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ ဇီးကုန်းလေး ပျူစောထီးစခန်းနှင့် စစ်တပ်စစ်ကြောင်းကို ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့မှ ၄ ကြိမ်တိုက်ခိုက်ရာ စစ်တပ်ဘက်မှ ၄ ဦး သေဆုံးခဲ့သည်။

- စက်တင်ဘာ ၅ ရက်က စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့တွင် အထိုင်ချတပ်စွဲထားသော စစ်တပ်အထိုင်စခန်းကို တော်လှန်ရေးတပ်ဖွဲ့များက ဒရုန်းဖြင့် ဗုံးကျဲ တိုက်ခိုက်ရာ စစ်ကောင်စီ တပ်သား ၃ ဦး သေဆုံးခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ပင်လည်ဘူးမြို့ရှိ စစ်ကောင်စီတပ် ကာကင်းစခန်းအချို့ကို ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ပူးပေါင်းတပ်က စက်တင်ဘာ ၆ ရက်တွင် သိမ်းပိုက်နိုင်ခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ တောင်ခမ်းကျေးရွာရှိ စစ်ကောင်စီ၏ အမြောက်စခန်း ကွပ်ကဲမှုဌာနချုပ် (မစခ-၉၀၂) တွင် စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၂ ရက်ထိ TNLA ပူးပေါင်းတပ်ဖွဲ့နှင့် စစ်ကောင်စီတို့ တိုက်ပွဲ ပြင်းထန်နေသည်။

- စက်တင်ဘာ ၃ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ် တောင်ခမ်းရွာ၌ TNLA မဟာမိတ်တပ်များနှင့် စစ်ကောင်စီတပ်တို့ကြား တိုက်ပွဲဆက်လက်ပြင်းထန် ဖြစ်ပွားနေသည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နဲ့ မိုင် ၂၀ အကွာ တောင်ခမ်းရွာမှာရှိတဲ့ စစ်ကောင်စီတပ်ရဲ့ အမြောက်စခန်း ကွပ်ကဲမှုဌာနချုပ်ကို တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) နဲ့ ပူးပေါင်းအဖွဲ့က စက်တင်ဘာ ၄ ရက်မှာ သိမ်းယူလိုက်ပါသည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်မှာ အင်အားဖြည့်လာတဲ့ စစ်ကောင်စီတပ်ဖွဲ့နဲ့ TNLA ပူးပေါင်းတပ်ဖွဲ့တို့ အကြား စက်တင်ဘာ ၇ ရက်မှာ တိုက်ပွဲပြင်းထန်နေပါသည်။

- စက်တင်ဘာ ၆ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်၊ ကျောက်ဂူရဲစခန်း၌ တပ်စွဲထားသော စစ်သားများကို ဓနုပြည်သူ့လွတ်မြောက်ရေးတပ်တော် - DPLA မှ တိုက်ခိုက်ခဲ့ရာ အပြန်အလှန်ပစ်ခတ်တိုက်ပွဲဖြစ်ခဲ့ပြီး စစ်ကူပေးရန် လာရောက်သည့်စစ်ကြောင်းနှင့် ၂ ကြိမ်မံ တိုက်ပွဲဖြစ်ပွားခဲ့သည်။

**စက်တင်ဘာ ၁ ရက်နေ့မှ ၇ ရက်နေ့အထိတစ်ပတ်အတွင်းရရှိသောသတင်းများအပေါ် အခြေခံထားပါသည်။**